# ကံကုန်းကျေးရွာ
# တင်းဝါးချောင်းကျေးရွာအုပ်စု ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇-၂၀၂၁)



ပြုစုရေးဆွဲသူ

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကံကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်**

**(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

12/16/2020

## မာတိကာ


| ခေါင်းစဉ် | စာမျက်နှာ ၁ | မာတိကာ |
|---|---|---|
| စကားချီး | ၆-၇ | |
| ကံကုန်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ် | ၈ | |
| ကံကုန်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ် | ၉ | |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | |
|---|---|
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၀ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | ၁၀-၁၁ |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၁-၁၂ |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၂ |
| (ခ) သဘာဝအရင်းအမြစ်များ | ၁၂ |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၃ |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၃-၁၄ |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၄-၁၅ |
| (ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၁၅ |
| (င) ကျန်းမာရေးနှင့် အာဟာရ | ၁၅ |
| (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၁၅-၁၆ |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ | ၁၆ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၆ |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၆-၁၉ |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၉ |
| (ဃ) ရွှေ့ပြောင်းလုပ်သားများ | ၂၀ |
| (င) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် | ၂၀ |
| (စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၂၀ |
| (ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု | ၂၀-၂၁ |
| (ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၂၁-၂၂ |
| (ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | ၂၂-၂၃ |
| (ည) လူငယ်နှင့် ယဉ်ကျေးမှု | ၂၃ |
| (ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး | ၂၃ |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | |

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၄
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၅
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၆
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၇
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၈
(ဂ) ဦးစားပေး စီမံချက်များ ၂၈-၂၉
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၁
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၁
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၁-၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၂
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃-၃၄
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၄-၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၅

**နောက်ဆက်တွဲ**

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၆
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၆
ရည်ညွှန်းချက်များ ၃၇
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**
**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**
**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ**
**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**
**ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**
**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ **စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲ**များ
**ဇယား** ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
**ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့ အကျင့်နှင့် အခက်အခဲများ**
ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
**ဇယား** ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**
**ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထု ကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တတ်ကြွကြွ ပံ့ပိုးပေး သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံကုန်းကျေးရွာ

တင်းဝါးချောင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

**ကံကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်**

**ရည်ညွှန်း-** ကံကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ - ကံကုန်းကျေးရွာ၊ တင်းဝါးချောင်းကျေးရွာ အုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ရက်)



| လ/ အလုပ်အကိုင် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် ☺😐☹ | | | | | | | | | | | | |
| | - | - | - | - | - | - | - | - | | | | |
| | | | | | | | | | | | | |
| | - | - | - | စပါးစိုက်သည် | | - | - | - | စပါးရိတ်သိမ်းသည် | | - | - |
| | - | - | - | - | - | - | - | - | | | - | - |
| | - | ရေရှားပုံသည် | - | ရေရှားပုံသည် | - | ရေရှားပုံသည် | - | - | ရေရှားပုံသည် | - | ရေရှားပုံသည် | - |
| | - | - | - | - | ရူ / တုတ်ကွေး | - | - | - | - | - | - | - |
| သီးနှံပိုးမွှားရောဂါ ကျရောက်မှု | - | - | - | - | စပါး: ဆောက်ပိုး | ဖြတ်ပိုး | - | - | - | - | - | - |
| | - | - | - | - | - | - | - | - | - | - | - | - |
| သဘာဝ ဘေးအန္တရာယ် | - | - | - | - | - | - | - | - | - | - | - | - |

**အပိုင်း က**

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း**

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ် သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။** ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။** ။ ကံကုန်း**ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ်၏** အနောက်တောင်ဘက်တွင် တည်ရှိ ပါသည်။ ဝန်းသိုမြို့နှင့်(၃)မိုင်ကွာဝေးပါသည်။ကောလင်း-ဝန်းသို-ပင်လယ်ဘူး လမ်းမကြီးဘေးမှ (၁)မိုင်ခန့်အကွာအဝေးတွင် တည်ရှိပါသည်။လူဦးရေ(၂၀၂)ဦး နေထိုင်ပြီး အိမ်ထောင်စု ၃၈အိမ် နေထိုင်ပါသည်။ ကိုးကွယ်မှုမှာ ဗုဒ္ဓဘာသာဖြစ်ပြီး ဗမာလူမျိုးအများဆုံးနေထိုင်ကြပါသည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ မြောက်ဘက်တွင် ဖြန့်ကြီးရွာ တည်ရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ ။** ။ကံကုန်းကျေးရွာသည် စိုက်ပျိုးရေးအဓိကထားသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၃၈)အိမ် ရှိသည့်အနက် အိမ်ထောင်စုအနည်းစုသာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။စိုက်ပျိုးမြေဧက (၄၇.၈)ဧက၊ယာမြေ/တောင်ယာမြေ (၂၈.၅)ဧက၊ဥယျာဉ်ခြံမြေ(၇)ဧက၊ ဓနိတောမြေ(၆.၅)ဧက၊စားကျက်မြေ(၂)ဧကနှင့် မြေလွတ် မြေလတ် (၄)ဧကရှိပါသည်။ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ မရှိပါ။ ကျောက်သဲ၊ကျောက်စရစ်နှင့် သဘာဝမျိုးစိတ်ပင်များ၊ ဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိ ပါသည်။ သဘာဝမျိုးစိတ်ပင်များ အနည်းငယ်ရှိပါသည်။ သဘာဝတောရိုင်းတိရိစ္ဆာန် မျိုးစိတ်များ မရှိပါ။

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်လက်များ။** ။ ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပါ သည်။ အိမ်ထောင်စု(၅၀)အိမ်ရှိပြီးနို့စို့အရွယ် ကလေး ကျား (၁)၊မ (၄) ဦးရှိပါသည်။၁နှစ်မှ ၄နှစ်အထိ ၅ နှစ် အောက်ကလေးငယ် ကျား ၇ ဦး၊ မ ၆ ဦး စုစုပေါင်း ၁၃ ဦးရှိပါသည်။ မူလတန်း ကျောင်းသားအရွယ် ကျား(၁၀)၊မ(၁၂) ပေါင်း(၂၂) ယောက်၊ (၁၀)နှစ်မှ (၁၄)နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၇)၊မ(၇)ပေါင်း (၁၄)ဦး၊၁၅နှစ်မှ (၆၄)နှစ် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၆၁)၊ မ(၇၂) ပေါင်း(၁၃၃)ယောက်နှင့် (၆၅)နှစ်အထက် ကျား(၆)၊မ(၉)ပေါင်း(၁၅)ယောက် တွေ့ရှိရပါသည်။ ကျေးရွာရှိ စုစုပေါင်း ကျား၊မဦးရေးမှာ (၂၀၂)ဦး ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။** ။ ကျွန်တော်တို့ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုး ကြပါသည်။ မွေးမြူရေးကို တပိုင်တနိုင်လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ ဈေးရောင်းခြင်း၊ပေါင်းရှင်းခြင်း၊တောခုတ်လိုက်ခြင်း၊ရေတွင်းဝွေလောင်းခြင်း၊အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။ရွှေတွင်းများတွင် အငှားလိုက်ခြင်းများ လည်းရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရ လုပ်ငန်းများ အလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသောဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီအလိုက်စပါးစိုက်ပျိုး၊ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်ရှိပါသည်။ ကျန်အချိန် များတွင် အခြားကျပန်းအလုပ်အကိုင်များရှိရာဒေသများသို့သွားရောက်၍ နေစားကျပန်း အလုပ်များလုပ်ကိုင်ကြရပါသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၄၀၀၀)ကျပ်၊မ (၃၅၀၀)ကျပ် ရရှိကြပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၄၀၀၀)ကျပ်၊မ (၃၅၀၀)ကျပ် ရရှိကြပါသည်။

ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊အဆောက်အအုံပိုင်ဆိုင်မှုတို့အပေါ်အခြေခံ၍ ဥစ္စာဓနအဆင့်အခြေအနေကို သတ်မှတ်ထားပါသည်။အဆင်ပြေသောအိမ်ထောင်စု (၈)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၀)အိမ် ၊မပြေလည်သောအိမ်ထောင်စု (၁၀)အိမ် ရှိပါ သည်။

ကံကုန်းကျေးရွာတွင် အခြားသို့ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ အိမ်ထောင်စု(၁)စု ရှိပါသည်။ ပြည်တွင်းသို့သွားရောက်လုပ်ကိုင်သူ ကျား(၁)ဦးရှိပါသည်။

ကံကုန်းကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်ကြသောသူ(၁)ဦးမှာ ပိုမိုကောင်းမွန်သော ဝင်ငွေအခွင့် အလန်းရရှိစေရန်အတွက် ဖြစ်ပါသည်။

ကံကုန်းကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်သူတစ်ဦး၏ ပြန်ပို့ငွေကိုမှီခိုရသော အိမ်ထောင်စုရှိပါသည်။ ဘဏ်ဖြင့်ငွေလွှဲပို့နည်းစနစ်ကို သုံးပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ အဆောက်အအုံပိုင်ဆိုင်မှုတို့အပေါ်အခြေခံ၍ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင် ပြေသောအိမ်ထောင်စုမရှိပါ။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅)အိမ်၊ မပြေလည်သော အိမ်ထောင်စု (၂၆)အိမ်နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၉)အိမ်ရှိပါသည်။

ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေစစ်တမ်းကောက်ယူမှုအရ အစားအစာ လျှော့ စားရသောအိမ် ချေးငွေယူရသောအိမ်မရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် မိဘစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုများ၊ မသန် မစွမ်းသူများ မရှိကြပါ။

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ များလည်းရှိပြီး ကျပန်းလုပ်ကိုင်စားသောက်သူ ဦးရေအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရေကြီးနှစ်မြုပ် ဧရိယာမရှိပါ။ ကျေးရွာပိုင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေ အနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် မိသားစုတစ်စုမှ တစ်စုသို့ ကွဲထွက်သွားသောကြောင့်ဖြစ်ပါသည်။ထို့ကြောင့် ကျပန်းလုပ်ကိုင်စားသောက်သူ အနည်းငယ် ရှိခြင်းဖြစ်ပါသည်။ အိမ်ထောင်စုအသစ်များဖြစ်သောကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေ စေရန် ရွှေတူးခြင်း၊ရွှေတွင်းလုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်ခြင်းများ အနည်းငယ်ရှိပါသည်။ နေရပ်ပြန်အခြေချသူ အနည်းငယ်ရှိပါသည်။

**(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။** ။ကျွန်တော်တို့ရွာရှိ ပညာရေးမှာစာမတတ်သူဦးရေမရှိပါ။ မူလတန်းအဆင့်ဦးရေ ကျား (၁၀)ဦး၊ မ (၁၃) ဦးရှိပါသည်။ အလယ်တန်းအဆင့်ရှိသောဦးရေ ကျား (၇)ဦး၊ မ (၄)ဦး၊ အထက်တန်းအဆင့်ရှိသောဦးရေ မ (၄)ဦး၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ မ (၃)ဦး ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် လက်ရှိမူလတန်းအဆင့်တက်ရောက်နေသူ ကျား (၁၀)ဦး၊မ (၁၃) ဦး၊ အလယ်တန်းအဆင့် ကျား(၇)ဦး မ (၄) ဦး၊ အထက်တန်းအဆင့် မ (၄) ဦး၊ တက္ကသိုလ် ကောလိပ်တက်ရောက်နေသူ မ (၃) ဦးရှိပါသည်။

**(င) ကျန်းမာရေးနှင့် အာဟာရ။** ။ ကျွန်တော်တို့ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ များ၊ရာသီတုတ်ကွေးရောဂါများ၊သွေးလွန်တုတ်ကွေးရောဂါ၊ဆီးချို၊သွေးတိုးရောဂါ၊ငှက်ဖျားရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ၊ အဟာရ ချို့တဲ့သော ရောဂါများ ၊တီဘီရောဂါ၊HIV/AIDS ရောဂါနှင့်အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွားသူများမရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုမှာ (၇)ကြိမ်ရှိပါသည်။ကာကွယ်ဆေးထိုးနှံမှုအမျိုးမစားများမှာ ဝက်သက်၊ဂျိုက်သိုး၊အသဲရောင်အသား ဝါ၊ပိုလီယိုကာကွယ်ဆေးများဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာမှ တိုက်နယ်ဆေးရုံသို့သွားရောက်ရန်ကြာချိန် (၃၀)မိနစ်သာ ကြာမြင့်ပါသည်။ အကွာအဝေးမှာ (၅)မိုင်ဝေးကွာပါသည်။ ကျေးရွာရှိကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်း ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူကြပါသည်။ ရွာနှင့် (၅)မိုင်ခန့်အကွာတွင် ဝန်းသိုမြို့နယ် ဆေးရုံရှိပါသည်။ ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။** ။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေး မဟုတ်သော အဓိကဝင်ငွေရလုပ်ငန်းများ အလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါး သောဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီအလိုက်စပါးစိုက်ပျိုး၊ ရိတ်သိမ်းချိန်များ တွင်သာအလုပ်အကိုင်ရှိပါသည်။ ကျန်အချိန်များတွင် အခြားကျပန်းအလုပ်အကိုင်များ ရှိရာဒေသများသို့သွားရောက်၍ နေ့စားကျပန်းအလုပ်များလုပ်ကိုင်ကြရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ် နှင့် အနည်းဆုံး ကျား(၄၀၀၀)ကျပ်၊ မ (၃၅၀၀)ကျပ် ရရှိကြပါသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၄၀၀၀)ကျပ်၊မ (၃၅၀၀)ကျပ် ရရှိကြပါသည်။

ကျွန်တော်တို့ကျေးရွာရှိအမျိုးသမီးများသည် နေစဉ်အိမ်အလုပ်များနှင့်သာ အချိန်ကုန် နေကြပြီး မိမိတို့စားဝတ်နေရေးကိုသာ အာရုံစိုက်၍လုပ်ကိုင်နေကြရသော်လည်း ကျေးရွာရှိ သာရေး၊နာရေးပွဲများတွင် အမျိုးသမီးများမှတက်ကြွစွာပါဝင်လုပ်ဆောင်ကြသည်ကို တွေ့ရပါ သည်။အမျိုးသမီးရေးရာဦးအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်များရှိကြပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ။** ။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ။ကျွန်တော်တို့ကျေးရွာတွင် တခြားအဖွဲ့ အစည်းများတွင် ပါဝင်ထားခြင်း မရှိပါ။ အမျိုးသားလူငယ်အဖွဲ့၊ဂုမ္မာရည်အမျိုးသားအဖွဲ့၊ဟင်းအိုး ကြီးအသင်း၊ရွာအလုပ်အမှုဆောင်အဖွဲ့၊ လူငယ်အဖွဲ့၊မီးသတ်ပြည်သူ့စစ်အဖွဲ့များမှ တက်ညီလက်ညီ ဖြင့် ရွာ၏သာရေး၊နာရေး လုပ်ငန်း များတွင် တက်ကြွစွာလုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသော တခြား အဖွဲ့အစည်းများမရှိပါ။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။** ။ ကံကုန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား သောကျေးရွာဖြစ်ပါသည်။လယ်မြေ (၄၇.၈)ကေ၊ယာမြေ(၂၈.၅)ကေ၊ ဥယာဉ်ခြံမြေ(၇)ကေ၊ ဓနိတော မြေ(၆.၅)ကေ၊စားကျက်မြေ(၂)ကေ၊မြေလွတ်မြေလတ်(၄)ကေရှိပါသည်။ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများမရှိပါ။ကျောက်သဲ၊ ကျောက်စရစ်နှင့်သဘာဝမျိုးစိတ်ပင်များ၊ ဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိသော်လည်း အသုံးပြုနိုင်ခြေနည်းပါးပါသည်။ သဘာဝ တောရိုင်းတိရိစ္ဆာန် မျိုးစိတ်များ မရှိပါ။

ကံကုန်းကျေးရွာတွင် မြေယာမဲ့ အိမ်ခြေများမရှိပါ။ မိဘလက်ငုတ်လက်ရင်းလယ်များ၊ ယာများအား လုပ်ကိုင်စားသောက်ရင်း နေထိုင်ကြပါသည်။

ကျွန်တော်တို့ရွာသည် စိုက်ပျိုးရေးသွင်းရေအား နန်းလိုင်းချောင်းမှရရှိပါသည်။ ရေအရင်း အမြစ်အလိုက်ရေသွင်းနိုင်သော လယ်များ၊ရေမသွင်းနိုင်သောလယ်များဟူ၍ (၂)မျိုးရှိပါသည်။ ကျောက်အိုင်ဆည်မှ ရေရရှိနိုင်သော လယ်ကေမှာ (၃၇)ကေသာရှိပါသည်။ရွာအနောက်ချောင်းမှ ရေရနိုင်သော လယ်ကေ (၂၀)မှာ မြောင်းဘေးမှ မြေပြိုကျမှုများကြောင့် စိမ့်စမ်းရေကိုသာ အားထား၍ အသုံးပြုနေကြပါသည်။မိုးခေါင်သောနှစ်များတွင် စိုက်ရေရသော်လည်းအောင်ရေ မရသောကြောင့် အထွက်နှုန်းလျော့ခြင်းများ ကြုံတွေ့ကြရပါသည်။

ကျွန်တော်တို့ရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာစပါးဖြစ်ပြီး စိုက်ပျိုးမြေကေမှာ (၄၇.၈)ကေ ဖြစ်ပါသည်။ပဲအနည်းငယ်လည်း စိုက်ပျိုးကြပါသည်။စပါးမှလွဲ၍ အခြားသီးနှံများကိုစိုက်ပျိုး ရာတွင် ကျွမ်းကျင်မှုအားနည်းသောကြောင့် အရှုံးများတွေ့ကြရပါသည်။ စိုက်ပျိုးရေး အသိပညာမှာ မိရိုးဖလာအသိပညာသာရှိ၍ တီထွင်ကြံဆမှု အားနည်းပါသည်။ စပါးတစ်ကေလျှင်အနည်းဆုံး တင်း (၅၀)မှ အများဆုံးတင်း (၈၀)အထိထွက်ပါသည်။ပျမ်းမျှအားဖြင့် တင်း(၆၀)လောက်ထွက်ပါသည်။ (၆)လမှ (၁၂)လအထိ စိုက်ပျိုးကြရပါသည်။ ပဲတစ်ကေလျှင်အနည်းဆုံး တင်း (၂၀)မှ အများဆုံးတင်း (၅၀)အထိထွက်ပါသည်။ပျမ်းမျှအားဖြင့် တင်း(၃၀)လောက်ထွက်ပါသည်။(၁)လမှ (၅)လအထိ စိုက်ပျိုးကြရပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကျွဲ၊ နွားများဖြင့် အနည်းငယ်သာလုပ်ကိုင် ကြပါသည်။ လက်တွန်းထွန်စက်များဖြင့် ကိုယ်ပိုင်သော်လည်းကောင်း အငှားသော် လည်းကောင်း လုပ်ကိုင်စားသောက် ကြပါသည်။ထွန်စက်ပိုင်ဆိုင်သူ (၁)ဦးရှိပါသည်။ ထွန်စက်ငှားရမ်းအသုံးပြုသူ (၁၅)ဦးရှိပါသည်။ စပါးခြွေလှေ့စက် ကိုယ်ပိုင်ပိုင်ဆိုင်သူ (၁)ဦး၊ငှားရမ်းလုပ်ကိုင်သူ (၂၁)ဦးနှင့် ရေစုတ်စက်ကိုယ်ပိုင် ပိုင်ဆိုင်သူ(၁)ဦး၊ငှားရမ်းအသုံးပြုသူ (၃၀)ဦး၊မြက်ရိတ်စက်ပိုင်ဆိုင်သူ (၂)ဦး၊ ငှားရမ်းအသုံးပြုသူ(၄)ဦးရှိပါသည်။ ရွာထဲတွင်စက်ရှိသူများထံမှ အခကြေးငွေနှင့်ငှားရမ်းကြရ ပါသည်။စိုက်ရာတွင် တစ်ချို့ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင်အခြားရွာမှ ထွန်၊ ထယ်စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြသည်။

ကျွန်တော်တို့ရွာ၏ သဘာဝရေမြေအနေအထားမှာ အသင့်အတင့်ရှိပါသည်။လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့်သာရှိသည်။ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှုလည်းအလွယ်တကူရနိုင်ပါသည်။ သီးနှံမျိုးကောင်းမျိုးသန်နှင့်သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာများရရှိနိုင်မှု နည်းပါးပါသည်။ ပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ရာသီချိန် ပုံမှန်စိုက်ပျိုးခြင်း၊မြေဆီလွှာများကို နှစ်အလိုက်နွားချေး၊ကြက်ချေး၊ဝက်ချေးများ များများသုံးနိုင် ပါက သီးနှံအထွက်တိုးနိုင်ပါသည်။သို့သော် ကျွန်တော်တို့ရွာတွင် အော်များများမရှိခြင်း၊ စိုက်ပျိုးရေ လုံလုံလောက်လောက်မရှိခြင်းစသည့် အခက်အခဲများကြုံတွေ့နေရပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာမြေအသင့်အတင့်သာရှိပြီး ထပ်မံတိုးချဲ့နိုင်ခြင်း မရှိပါ။ ပလပ်မြေအနည်းအကျင်းသာရှိပါသည်။စိုက်ပျိုးရေအရင်းအမြစ်အသင့်အတင့်သာရှိပါသည်။အစိုးရ စိုက်ပျိုးရေး ဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့်စိုက်ချိန်တွင် အချိန်မီချေးငွေမရပါ။ သီးနှံမျိုးစေ့များရနိုင်သော်လည်း လိုအပ်သည့်အချိန်များတွင် အချိန်မီ မရနိုင်ခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် အခက်အခဲ များကြုံနေရပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒနှင့် စိုက်ပျိုးရေးနည်းပညာများကို ကျွန်တော်တို့ရွာမှ တောင်သူ များအရမ်းကို လိုအပ်နေပါသည်။တောင်သူများမှာ လက်ရှိအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်တိုးဖို့ အခက်အခဲများ ရင်ဆိုင်နေရခြင်း၊ ဓါတ်မြေဩဇာနှင့် ဓါတုပိုးသတ်ဆေးများ သုံးရန်နည်းလမ်းမရှိခြင်း၊ တောင်သူများမှ ရမ်းကုပမာအသုံးပြု လုပ်ကိုင်နေရပါသည်။ ဖျက်ပိုးများ ကြောင့် အထွက်နှုန်း လျော့ကျခြင်းများ ရင်ဆိုင်နေရပါသည်။

ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ဘဲ တို့ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်း များကို ကျယ်ကျယ်ပျံ့ပျံ့လုပ်ကိုင်ခြင်သော်လည်း အရင်းအနှီးမရှိခြင်း၊ နည်းပညာအားနည်းခြင်း တို့ကြောင့် မလုပ်ကိုင်နိုင်ကြပါ။ကံကုန်းကျေးရွာတွင် နွားမွေးမြူသောအိမ်(၂၀)အိမ်နှင့် (၃၇) ကောင်ရှိပါသည်။ဝက်မွေးသောအိမ် (၂၁)အိမ်ရှိပြီးဝက်ကောင်ရေ(၆၀)ကောင်ရှိပါသည်။ ကြက်မွေး သောအိမ် (၃၂)အိမ်ရှိပြီး ကြက်ကောင်ရေ (၂၂၅)ကောင် ရှိပါသည်။ငါးကန်မွေးမြူသောအိမ် (၂)အိမ်ရှိ ပြီး ငါးကောင်ရေ (၅၀၀၀)ရှိပါသည်။

ကျွန်တော်တို့ရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် စားကျက်မြေများ အသင့် အတင့်ရှိပါသည်။ သဘာဝတောတောင်များရှိခြင်း၊မြေလွတ်မြေလပ်၊ မြေရိုင်းများရှိခြင်း တို့ကြောင့် မွေးမြူရေးကိုတွင်တွင်ကျယ်ကျယ် လုပ်ကိုင်ပါကလုပ်ကိုင်နိုင်ပါသည်။သို့သော် အရင်းအနှီးနှင့် နည်းပညာအားနည်းလှပါသည်။ မျိုးကောင်းမျိုးစိတ်များ ရရှိနိုင်ပါသည်။ဈေးကွက်ရှားပါးပါသည်။

ကျွန်တော်တို့ကျေးရွာရှိ ရွာသူရွာသားများသည် ကျွဲ၊နွားများကိုလယ်ယာ လုပ်ငန်းများ တွင်သာခိုင်းစေရန် မွေးမြူကြပါသည်။၎င်းတို့အတွက် စားကျက်မြေများလည်း ရှိသော်လည်း နည်းပါးပါသည်။ ကြက်၊ဝက်၊ဘဲများကို တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ။** ကျွန်တော် တို့ကျေး ရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရလုပ်ငန်းများ အလွန်နည်း ပါးပါသည်။ အလုပ်အကိုင်ရှားပါး သောဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီ အလိုက်စပါးစိုက်ပျိုး၊ရိတ်သိမ်းချိန်များ တွင်သာအလုပ် အကိုင်ရှိပါသည်။ ကျန်အချိန်များ တွင် အခြားကျပန်းအလုပ်အကိုင်များ ရှိရာဒေသများသို့သွားရောက်၍ နေ့စားကျပန်း အလုပ်များလုပ်ကိုင်ကြရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ် နှင့် အနည်းဆုံး ကျား(၄၀၀၀)ကျပ်၊ မ (၃၅၀၀)ကျပ် ရရှိကြပါသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၄၀၀၀)ကျပ်၊မ (၃၅၀၀)ကျပ် ရရှိကြပါသည်။

ကျွန်တော်တို့ရွာတွင် လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ပါသည်။ လယ်ယာသား ငါးမဟုတ်သော အခြားဒေသထွက်ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိပါသည်။ဈေးကွက်ဆိုင်ရာ အသိပညာများလည်း အသင့်အတင့်နားလည်ပါသည်။ ကုန်ကြမ်းများလည်းရှိပါသည်။ချေးငွေမှာ အစိုးရစိုက်ပျိုးရေး ဘဏ် ၊သမဘဏ်မှချေးငွေများ မှလွဲ၍မရပါ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများလည်း အသင့်အတင့်တတ်မြောက်ကြပါသည်။

ကျွန်တော်တို့ရွာတွင် ကျပန်းလုပ်သားများလည်းရှိကြပါသည်။ရွာအနီးတစ်ဝိုက်တွင် ဝင်ငွေရသော အခြားလုပ်ငန်းများကို လုပ်ကိုင်စားသောက်နေကြရပါသည်။

**(ဃ) ရွှေ့ပြောင်းလုပ်သားများ။** ။ ကံကုန်းကျေးရွာတွင် အခြားသို့ရွှေ့ပြောင်း သွားလာလုပ်ကိုင်သူ အိမ်ထောင်စု(၁)စုရှိပါသည်။ပြည်တွင်းသို့သွားရောက်လုပ်ကိုင်သူ ကျား(၁)ဦးရှိပါသည်။

ကံကုန်းကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်ကြသောသူ(၁)ဦးမှာ ပိုမိုကောင်းမွန်သော ဝင်ငွေအခွင့်အလန်း ရရှိစေရန်အတွက် ဖြစ်ပါသည်။

ကံကုန်းကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်သူတစ်ဦး၏ ပြန်ပို့ငွေကိုမှီခိုရသော အိမ်ထောင်စုရှိပါသည်။ ဘဏ်ဖြင့်ငွေလွှဲပို့နည်းစနစ်ကို သုံးပါသည်။

**(င) ကုန်စည် နှင့် ဝန်ဆောင်မှုဈေးကွက်။** ။ ကျွန်တော်တို့ရွာ၏ အနီးဆုံးဈေးမှာ ဝန်းသိုမြို့မ ဈေးသိုလည်းသွားရောက်နိုင်သကဲ့သို့ ကောလင်းမြို့မဈေးသိုလည်း သွားနိုင်ပါသည်။ရွာနှင့် ဈေး(၂)ခု လုံးနှင့်(၅)မိုင်ဝေးကွာပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီနှင့် ခြေလျင်သွားနိုင်ပါသည်။ဝန်းသိုနှင့်ကောလင်းမြို့မဈေးတွင် မီးဖိုချောင်သုံးပစ္စည်းမှစ၍ အဝတ် အထည်၊လျှပ်စစ်ပစ္စည်း၊ဆေးဝါးများမှအစ လယ်ယာသုံးအပိုပစ္စည်းအချို့ပါရရှိနိုင်ပါသည်။ လိုအပ် သည့်ပစ္စည်းအားလုံးရရှိနိုင်ပါသည်။ ဈေးအခြေအနေမှာလည်း ကောင်းမွန်ပါသည်။

**(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။** ။ ကျွန်တော်တို့ကျေးရွာရှိ တောင်သူ လယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလကို ဆပ်ရမည်ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံပစ္စည်း အဖြစ် ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာမရခြင်းများ တောင်သူများမှခံစားနေရပါသည်။

**(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ ကျွန်တော်တို့ရွာတွင် သတ္တုနှင့်အခြားသယံဇာတ တွင်းထွက်များ၊ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်ရတနာများ မထွက်ပါ။ ကျောက်သဲ၊ကျောက်စရစ်များလည်း ရှားပါးပါသည်။သဘာဝဆေးဘက်ဝင်အပင်များလည်း အနည်းငယ်ရှိပါသည်။ သဘာဝတောရိုင်းတိရစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်တွေ့ရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ လည်းရှိပြီး ကျပန်းလုပ်ကိုင်စားသောက်သူ ဦးရေအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရေကြီး နှစ်မြုပ်ဧရိယာမရှိပါ။ ကျေးရွာပိုင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေအနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ရွာသည် သဘာဝမှရသော မြေဆီ၊မြေသြဇာများရှိပါသည်။ သဘာဝအနေ အထားရသော်လည်းကောင်း၊ ဓာတု ပစ္စည်းများအသုံးပြုများလာသောကြောင့်သော်လည်းကောင်း သဘာဝမြေဆီ၊ မြေသြဇာနည်းပါးလာရခြင်းဖြစ်ပါသည်။ အပင်မျိုးစိတ်များမှာလည်း ဒေသထွက် မျိုးစိတ်ပင်များသာရှိပါသည်။ တစ်ခါတရံဖျက်ပိုးများ ကျရောက်တတ်ကြပါသည်။ သဘာဝသစ် တောများပြုန်းတီးလာခြင်း ကြောင့်ချောင်း၊မြောင်းများ

ရေနည်းပါးလာခြင်း၊ စိမ့်စမ်းရေများ ခမ်းခြောက်လာခြင်းတို့ကြုံတွေ့ နေရပါသည်။သို့သော်စိမ့်စမ်းရေများရေအရင်းအမြစ်များရှိပါသည်။ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန် မျိုးကွဲများလည်း ရှိပါသည်။ဇွန်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများလည်း ရှိပါသည်။

**(ဓ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** ။ ကျွန်တော်တို့ ကံကုန်းကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။စာသင်ကျောင်းသို့ ခြေလျင်သွားရပါသည်။ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ပညာရေးကို ဝန်းသိုအထက်တန်းကျောင်းသို့ သွားရောက် ပညာသင်ကြားကြရပါသည်။ ရွာရှိစာသင်ကျောင်းမှာကောင်းပါသည်။ ကျောင်းသုံးပရိဘောဂများ မှာလည်းကောင်းမွန်ပါသည်။ လုံလောက်မှုလည်း ရှိပါသည်။ ကျောင်းအိမ်သာမှာလည်း ကောင်းပါ သည်။ကျောင်းတွင် အဟာရတိုက်ကျွေးမှုမရှိပါ။ကျေးတွင် ဆရာ (၂)ယောက် ၊ဆရာမ (၂)ယောက် ပေါင်း (၅) ယောက်ရှိပါသည်။

ကျွန်တော်တို့ရွာ မူလတန်းစာသင်ကျောင်းတွင် ကျောင်းဆရာ၊ ဆရာမလုံလောက်မှု ရှိပါသည်။ တပည့်ဆရာအချိုး ညီမျှမှုရှိပါသည်။ကျောင်းသုံးစာအုပ်လုံလောက်မှုမရှိပါ။ ကျောင်း အားကစားဆိုင်ရာပစ္စည်းများ လုံလောက်မှုမရှိပါ။မိဘဆရာအသင်းအခန်းကဏ္ဍပါဝင်မှု အသင့် အတင့်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ရာသီတုတ်ကွေးရောဂါများ၊သွေးလွန်တုတ်ကွေးရောဂါ၊ဆီးချို၊သွေးတိုးရောဂါ၊ငှက်ဖျားရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါ သည်။ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဟာရချို့တဲ့သော ရောဂါများ၊တီဗီရောဂါ၊ HIV/ AIDS ရောဂါနှင့်အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွားသူများမရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုမှာ (၇)ကြိမ် ရှိပါသည်။ကာကွယ်ဆေးထိုးနှံမှုအမျိုးမစားများမှာ ဝက်သက်၊ဂျိုက်သိုး၊အသဲရောင်အသား ဝါ၊ပိုလီယို ကာကွယ်ဆေးများဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာမှ တိုက်နယ်ဆေးရုံသို့သွားရောက်ရန်ကြာချိန် (၃၀)မိနစ်သာ ကြာမြင့်ပါသည်။ အကွာအဝေးမှာ (၅)မိုင်ဝေးကွာပါသည်။ ကျေးရွာရှိကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်း ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူကြပါသည်။ ရွာနှင့် (၅)မိုင်ခန့်အကွာတွင် ဝန်းသိုမြို့နယ်ဆေးရုံရှိပါသည်။ ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

ကျွန်တော်တို့ရွာသည် ရေတွင်း(၃၈)တွင်းရှိပြီး မိုးရာသီ၊ ဆောင်းရာသီများသာ ရေပေါ်များပြီး နွေရာသီတွင်ရေတွင်းအားလုံးရေထွက်နည်းပြီး ရွာသူ/သားများရေအခက်အခဲ ကြုံတွေ့နေရပါ သည်။

ကျွန်တော်တို့ရွာတွင် ယင်လုံအိမ်သာ(၃၈)အိမ်ရှိပါသည်။ အိမ်သာမရှိသောအိမ်မရှိပါ။ ရွာသူ/ သားများအားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုနေကြပါသည်။

**(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။** ။ ကျွန်တော်တို့ရွာရှိ ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ခြင်းကြောင့် မကောင်းကြပါ။ လမ်းများမှမြေညီညာမှုမရှိခြင်းကြောင့် ချိုင့်ခွက်များရှိခြင်း၊ မိုးရာသီတွင် ရွှံ့ဗွက်များပေါများ ခြင်းကြောင့် လမ်းများပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ရွာတွင်းတံတားမရှိပါ။

ကျွန်တော်တို့မြို့နယ်သည် မြစ်မရှိပါ။ဒေါင်းမြူးချောင်းရေကိုသာ အားထားရသော မြို့နယ် ဖြစ်သောကြောင့် ကျေးရွာများတွင်လည်း မြစ်ကြောင်းပို့ဆောင်ရေး၊ ပင်လယ်ရေကြောင်း ပို့ဆောင် ရေးများမရှိပါ။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ စက်ဘီး၊ဆိုင်ကယ်၊ကား၊ထော်လာဂျီနှင့် သုံးဘီးများကိုသာအများဆုံး အသုံးပြုပါသည်။စက်ဘီး(၁၈)စီး၊မော်တော်ဆိုင်ကယ် (၃၅)စီး၊ နွားလှည်း(၁၈)စီးရှိပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ကောင်းပါသည်။ မဟာဓာတ်အား လိုင်းအသုံးပြုသူ အိမ်ခြေ (၃၈)အိမ်ရှိပါသည်။အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရကြပါသည်။

ကျွန်တော်တို့ရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်း(၃၉)လုံးရှိပြီး တီဗွီ(၁၄)လုံးနှင့် PSI စလောင်း(၁၃)လုံး ပိုင်ဆိုင်ကြပါသည်။ဖုန်းလိုင်းမှာ MPT,Telenor, Ooredoo,Mytel ဖုန်းလိုင်း (၄)မျိုးလုံး ရရှိပါသည်။

**(ည) လူငယ် နှင့် ယဉ်ကျေးမှု။** ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။လူငယ်များသည် သက်ကြီးရွယ်အိုများအား သီတင်းကျွတ် တွင် ကန်တော့ခြင်း၊ဘုန်းကြီးကျောင်းများတွင်ဆီမီးပူဇော်ခြင်း ကန်တော့ခြင်းများ ရှိကြပါသည်။ ကျောင်းပိတ်ရက်များတွင် ဓမ္မစကူးသင်တန်းများ ဖွင့်လှစ်သက်ကြားပေးပါသည်။

**(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။** ။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို ဖြစ်သည်။

လူကုန်ကူးမှုနှင့်အကြမ်းဖက်လုယက်မှုများမရှိပါ။မူခင်းကာကွယ်တားဆီးရေးအတွက် ရဲဘက် ဆိုင်ရာဝန်ဆောင်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။မူးယစ်ဆေးဝါးသုံးစွဲသူများရှိ၍ စိုးရိမ် ရပါသည်။ ရွာအနီးတဝိုက်တွင် ဆေးဝါးသုံးစွဲရန်သွားလာနေသူများရှိသဖြင့် လုယက်မှု၊ ခိုးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကျေးရွာအတွက် အန္တရာယ်အလွန်ပင်များပါသည်။

**(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့် အတင့်ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။

**(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာအရှေ့ဘက်တွင်လချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ချောင်းရေကြီးချိန်တွင် ကျေးရွာတွင်း ရေဝင်ရောက်မှုများလည်းရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများ ကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ ဈေးကွက်များလက်လှမ်း မမီခြင်းမှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင်

မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည့် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေ နှင့် လူမှုအခြေခံ အဆောက် အဦးများ လက်လှမ်းမီ တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

### (ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) **ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်** ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်း များ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး

ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

**(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ**

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေး ကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြား သက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်း တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထား ချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ**

**(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### (၂) ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပိုသေ၀ယ်ယူ၍ ရသော ရင်းနှီးမြှပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရ မှတ် | ဦးစားပေးအဆင့် | စီမံကိန်းရှင်းလင်းချက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ လမ်း | ၁။ ရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | | |

**(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လမ်း<br>• ရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | ၁ | | | | ✓ | |

**(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်**

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲ ချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီ များရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်းစာနာမှုအထောက် အပံ့ |
| | | | | ငွေလုံးငွေရင်း | စွမ်းဆောင် ရည်မြှင့်တင်ရေး | |
| ၁ | လမ်း<br>•<br>ရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | | | ✓ | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

